
**Panasonic**

# ရေနွေးငွေ့သုံးလျှပ်စစ်မီးပူ

# အသုံးပြုပုံလမ်းညွှန်

မော်ဒယ်နံပါတ်. **NI-V100N**




NI-V100N

**လျှပ်စစ်မီးပူအသုံးမပြုမီလမ်းညွှန်ချက်အားလုံးအားသေချာစွာဖတ်ပါ။**

## လျှပ်စစ်မီးပူတွင်ပါဝင်သောအစိတ်အပိုင်းများ

**NI-V100N**




## အသေးစိတ်အချက်အလက်များ

| | |
|---|---|
| မော်ဒယ်နံပါတ် | NI-V100N |
| ရှိရမည့်လျှပ်စစ်ပမာဏ | ၂၂၀ဗို့ ~၅၀ဟတ်ဇ် |
| သုံးစွဲမည့်လျှပ်စစ်ပမာဏ | ၃၅၀ဝပ် |
| မီးပူအလေးချိန် | ၀.၈၃ကီလိုဂရမ် |
| အရွယ်အစား | ၂၃၄ × ၁၀၄× ၁၂၈ မီလီမီတာ |

**ဤညွှန်ကြားချက်များကိုသိမ်းဆည်းထားပါ။**

**သင့်မီးပူအားသေချာစွာအသုံးပြုနိုင်ရန်ကျန်ရှိသေးသောလုံခြုံရေးသတိပေးတားမြစ်ချက်များနှင့်အသုံးပြုပုံလမ်းညွှန်များကိုဖတ်ပါ။**

## မီးပူအားစိတ်ချယုံကြည်စွာအသုံးပြုပုံ

**သင်နှင့်သင့်ပတ်ဝန်းကျင်လုံခြုံရေးသည်အလွန်အရေးကြီးပါသည်။**

လျှပ်စစ်မီးပူနှင့်ပတ်သတ်သောလုံခြုံရေးဆိုင်ရာအချက်အလက်များအားဤလက်စွဲစာအုပ်တွင်ဖော်ပြထားပါသည်။လုံခြုံရေးဆိုင်ရာအချက်အလက်များအားအမြဲဖတ်၍လိုက်နာပါ။

⚠ ဤသည်မှာလုံခြုံရေးဆိုင်ရာသတိပေးသင်္ကေတဖြစ်သည်။၎င်းသည်သင်နှင့်အခြားသူများကိုထိခိုက်ဒဏ်ရာရစေနိုင်ခြင်း(သို့)သေစေနိုင်သည်အထိအန္တရာယ်ဖြစ်နိုင်သည်ကိုရည်ညွှန်းသည့်အခါတွင်သုံးသည်။လုံခြုံရေးဆိုင်ရာသတင်းများဖြစ်သည့် "အရေးကြီးသတိပေးချက်" (သို့) "သတိပြုရှောင်ကြဉ်ရန်အချက်များ" သည်လုံခြုံရေးဆိုင်ရာသတိပေးသင်္ကေတကိုဖော်ညွှန်းသည်။ဤစကားလုံးများ၏အဓိပ္ပါယ်မှာ–

| | |
|---|---|
| ⚠ **အရေးကြီးသတိပေးချက်** | **သင်ဤညွှန်ကြားချက်များအားမလိုက်နာလျှင်ပြင်းပြင်းထန်ထန်ဒဏ်ရာရခြင်း(သို့)အသက်ဆုံးရှုံးစေနိုင်သည်၊** |
| ⚠ **သတိပေးချက်** | **သင်ကြုံတွေ့လာနိုင်သောပြဿနာအခြေအနေများကိုမြင်သာအောင်ပြသထားသည်။၎င်းကိစ္စများအားမလိုက်နာပါကအသေးအဖွဲ့(သို့)အနည်းငယ်ထိခိုက်ဒဏ်ရာရနိုင်သည်။** |

လုံခြုံရေးဆိုင်ရာအချက်အလက်များသည်သင့်အားဖြစ်ပေါ်လာနိုင်သောအန္တရာယ်များ၊ထိခိုက်ဒဏ်ရာရနိုင်သောအခြေအနေများကိုလျှော့ချနိုင်သောနည်းလမ်းများနှင့်လမ်းညွှန်ချက်များအားမလိုက်နာပါကဖြစ်လာနိုင်သောအကျိုးဆက်များကိုပြောပြထားပါသည်၊

**ပန်နာဆိုးနစ်မီးပူအားဝယ်ယူခြင်းအတွက်ကျေးဇူးတင်ရှိပါသည်။**

မီးပူသည်မီးခံပြားပေါ်တွင်အဝတ်အထည်များအားမီးပူတိုက်ရာတွင်အသုံးပြုနိုင်သည်။

## အရေးကြီးသောလုံခြုံရေးဆိုင်ရာလမ်းညွှန်ချက်များ

**သင်မီးပူအားအသုံးပြုနေစဉ်လုံခြုံရေးဆိုင်ရာအခြေခံတားမြစ်ချက်များကိုအမြဲလိုက်နာသင့်သည်။**

| | |
|---|---|
| ⚠ **အရေးကြီးသတိပေးချက်** | **အဝတ်များမီးကျွမ်းခြင်း၊ဓာတ်လိုက်ခြင်း(သို့)ထိခိုက်ဒဏ်ရာရရှိနိုင်မှုမှလျှော့ကျရန်။** |

၁. လျှပ်စစ်ဓာတ်အားအလွန်အကျွံအသုံးပြုခြင်းမှရှောင်ကြဉ်ရန်၊ မီးပူတိုက်နေစဉ်အခြားလျှပ်စစ်ဖို့အားပြင်းသောပစ္စည်းတစ်ချိန်တည်းအသုံးမပြုပါနှင့်။

၂. လျှပ်စစ်မီးအဝင်သည်မီးပူတွင်ရေးချယ်ထားသောဖို့အားပမာဏနှင့်ကိုက်ညီမှုရှိရမည်။

၃. မီးပူတိုက်စင်ပေါ်တွင်အဝတ်များမီးပူတိုက်ရန်ရည်ရွယ်ထားသည့်အတိုင်းအသုံးပြုပါ။

၄. မီးပူအားလျှပ်စစ်မီးကြိုးထိုး၍ဂရုမစိုက်ပဲမနေပါနဲ့။

၅. မီးပူအားလျှပ်စစ်မီးကြိုးဖြုတ်၍ ရေဖြည့်ခြင်း၊ရေသွန်ခြင်းမပြုလုပ်ရ။

၆. မီးပူတွင်သာမန်ရေပိုက်မှရသောရေကိုသာအသုံးပြုပါ၊ရေရှားသောနေရာများတွင်ပေါင်းခံရည်(သို့)ဆားဓာတ်မပါသောရေကိုသာသုံးသင့်ပါသည်။

၇. မီးပူတိုက်လျက်အပြင်ခနမျှထွက်မည်ဆိုပါကမီးပူကြိုးဖြုတ်၍ကလေးငယ်များနှင့်ဝေးရာတွင်ထားပါ။

၈. ဓာတ်လိုက်ခြင်းအခြေအနေမှကာကွယ်ရန်မီးပူ(သို့)မီးပူပလပ်ကြိုးအား ရေ(သို့)အခြားအရည်များ မထိပါစေနှင့်။

၉. အကယ်၍မီးပူမီးအဝင်ကြိုး(သို့)မီးပူပလပ်ခေါင်းပျက်စီးနေပါကအန္တရာယ်မရှိစေရန်ဝန်ဆောင်မှုပေးရာဌာန(သို့)နားလည်တတ်ကျွမ်းသောပုဂ္ဂိုလ်များထံသွားရောက်ပြသရမည်။

၁၀. မီးပူမီးအဝင် ကြိုးအားအပူချိန်မြင့်သောအရာများနှင့်မထိပါနှင့်၊မီးပူအားမသိမ်းမီ မီးပူလုံးဝအေးသွားသည်အထိစောင့်ပါ၊

၁၁ မီးပူ၏အောက်ခံသတ္တုအပူပြား၊ရေပူနှင့်ရေနွေးငွေ့များအားထိမိလျှင်အပူလောင်နိုင်သည်။မီးပူအတွင်းရှိရေပူများယိုစီးကျလာနိုင်သည်။ရေယိုပေါက်ဖာခြင်း(သို့)မီးပူအားပြောင်းပြန်ထားခြင်းများပြုလုပ်လျှင်ကူရှင်ကိုသုံးပါ။

၁၂ မီးပူတင်သည့်စင်တွင်မီးပူထားသောအခါမီးပူတင်သည့်စင်ထားသောနေရာတည်ငြိမ်စေရန်နှင့်မီးပူအားစင်ပေါ်တွင်ငြိမ်အောင်တင်၍အသုံးပြုပါ။

၁၃ မီးပူလွတ်ကျ၍ပျက်စီးနေခြင်း(သို့)ရေယိုစိမ့်နေခြင်းမြင်နေပါကမသုံးပါနှင့်။

၁၄ မီးပူမီးအဝင်ကြိုးများရှုပ်ထွေးနေလျှင်အသုံးမပြုပါနှင့်။မီးအဝင်ကြိုးထိခိုက်ပျက်စီးနိုင်ပါသည်။

၁၅. အကယ်၍မီးပူတိုက်နေစဉ်မီးခိုးထွက်ခြင်း(သို့)မီးလောင်ခြင်းများဖြစ်ပါကအသုံးပြုနေခြင်းအားချက်ချင်းရပ်ဆိုင်း၍မီးပလပ်အားမီးခုံမှဖြုတ်ပါ။

၁၆. ဤစက်သည်ရုပ်ပိုင်းဆိုင်ရာ၊ အာရုံခံနိုင်စွမ်း(သို့) စိတ်ပိုင်းဆိုင်ရာလုပ်ဆောင်နိုင်စွမ်းလျော့နည်းသောပုဂ္ဂိုလ်များ(ကလေးငယ်များအပါအဝင်) (သို့) လူကြီးမိဘတို့၏ကြီးကြပ်မှုမရှိ၍အတွေ့အကြုံဗဟုသုတနည်းပါးသောသူများအတွက်အသုံးပြုရန်ရည်ရွယ်ထားခြင်းမဟုတ်ပါ။ ဤပစ္စည်းကိုအသုံးပြုရာတွင်ဘေးကင်းလုံခြုံစေရန်အတွက်ကျွမ်းကျင်သူတစ်ဦးဦးထံမှလမ်းညွှန်ချက်များ၊ သတိပေးချက်များကိုသိရှိထားခြင်းမရှိဘဲအသုံးမပြုသင့်ပါ။ ကလေးများကိုဤစက်နှင့်မကစားမိစေရန်မိဘအုပ်ထိန်းသူများကစောင့်ကြည့်သင့်သည်။

၁၇. မီးပူအားကလေးငယ်များမဆော့စေရန်သေချာကြီးကြပ်ထားသင့်သည်။

## ⚠ သတိပေးချက်

**မိမိတို့ထိခိုက်ဒဏ်ရာမရရှိစေရန်နှင့်မီးပူပျက်စီးဆုံးရှုံးမှုမှလျော့ချရန်**

၁. မီးပူ၏လည်ပတ်နေသောလုပ်ဆောင်ချက်များအားပျက်စီးစေနိုင်သောရေနွေးငွေ့မီးပူသန့်စင်ဆေးရေထည့်၍မသုံးပါနှင့်။

၂. မီးပူအတွင်းသို့ဆိုးဆေး(သို့)အမွှေးအရည်များကဲ့သို့ရေဒြာစားထိုးအရည်များထည့်၍အသုံးမပြုပါနှင့်။ အဝတ်များစွန်းထင်းနိုင်သည်။


၃. ရေငွေ့လွှတ်ခလုတ်သည်မီးပူအသုံးပြုပြီးခြောက်သွေ့သည့်အနေအထားမရောက်ရှိပါကမီးပူအတွင်းရှိရေများအောက်ပလိပ်ပြားပေါ်သို့ရောက်၍နောက်တစ်ကြိမ်အသုံးပြုလျှင်မီးလောင်ကွက်များစွန်းထင်နိုင်ပါသည်။

၄. မီးပူမီးအဝင်ကြိုးဖြုတ်ထားစဉ်မီးပူအောက်ခံပလိပ်ပြားတွင်ရေများကျန်နေ၍အဝတ်များစွန်းထင်းနိုင်သောကြောင့်ရေနွေးငွေ့ခလုတ်ကိုမနှိပ်ပါနှင့်။ မီးပူအပူချိန်ပြဒိုင်ခွက်တွင် “O” ဟုချိန်ထားပါကရေနွေးငွေ့ခလုတ်အားအသုံးမပြုပါနှင့်။

### မီးပူအတွင်းသို့ရေဖြည့်ခြင်း

## ⚠ အရေးကြီးသတိပေးချက်

မီးပူအားရေမဖြည့်မီ မီးပူပလပ်ကြိုးအားလျှပ်စစ်မီးခုံမှသေချာစွာဖြုတ်ပါ။




၁. ရေများစိမ့်မထွက်စေရန်ရေနွေးငွေ့ခလုတ်အားအခြောက်ဟူသောအနေအထားရရန်အောက်သို့နှိပ်ပါ။ မီးပူအားကိုင်၍ “အမြင့်ဆုံး” အမှတ်ထိဖြည့်ပါ။ ရေဖြည့်ရန်ရေခွက်ကိုသုံးပါ။

၂. ရေအရမ်းအပြည့်မထည့်ပါနှင့်။ မီးပူကိုထောင်၍ရေချိန်အမှတ်မှန်မမှန်စစ်ဆေးပါ။

**မှတ်ချက် :** ရေပိုက်မှလာသောရေများကိုမီးပူတွင်အသုံးပြုနိုင်သည်။ ရေဆေးဖြစ်ပါကပေါင်းခံရည်(သို့)ဆားဓာတ်မပါသောရေကိုအသုံးပြုသင့်သည်။ ပေါင်းခံရည်အသုံးပြုပါကသာမန်ရေပိုက်မှရေနှင့်အသားကျစေရန်ပထမဆုံးလေးကြိမ်မျှအသုံးပြုပါ။ ထို့နောက်သာမန်ရေပိုက်မှရေကိုတစ်လတစ်ကြိမ်အသုံးပြုပါ။ မီးပူ၏ရေနွေးငွေ့သိုလှောင်စနစ်ထိန်းညှိရန်၎င်းကဲ့သို့ပြုလုပ်ရန်လိုအပ်ပါသည်။ မီးပူတွင်အိမ်သုံးရေသန့်စက်မှရရှိသောရေများမထည့်ပါနှင့်၎င်းရေများတွင်ပါဝင်သောဓာတ်သတ္တုပစ္စည်းများသည်မီးပူအားပျက်စီးစေနိုင်ပါသည်။ ရေနွေးငွေ့သုံးမီးပူထဲသို့ဆိုးဆေး(သို့)အမွှေးနံ့သာကဲ့သို့ရေဒြာစားထိုးအရည်များအသုံးမပြုပါနှင့်။ ၎င်းတို့သည်အဝတ်အထည်များစွန်းစေခြင်း(သို့)မီးပူအားပျက်စီးစေနိုင်ပါသည်။

## ⚠ သတိပြုရှောင်ကြဉ်ရန်

မီးပူအားရေဖြည့်သောအခါမီးပူအားပြုတ်မကျစေရန်သေချာဆုပ်ကိုင်ပါကဒဏ်ရာရရှိစေနိုင်ပါသည်။

### ရေနွေးငွေ့သုံးမီးပူအဖြစ်အသုံးပြုပုံ

၁. အထက်ပါဖော်ပြထားသည့်အတိုင်းမီးပူအတွင်းသို့ရေဖြည့်ပါ။

၂. မီးပူအားအပူချိန်ထိန်းညှိဒိုင်ခွက်တွင် “O” ထား၍မီးပူကိုဒေါင်လိုက်အနေအထားပြုလုပ်ထားပါ။

၃. မီးပူအားပလပ်ပေါက်ထိုးပါ။

၄. အပူချိန်ထိန်းညှိဒိုင်ခွက်အား “ရေနွေးငွေ့” ဖုန်သို့ပြောင်းပေးပါ။


၅. အပူချိန်ထိန်းညှိမီးပိတ်သွားသည်အထိ ၁ မိနစ် – ၂ မိနစ်ခန့်ကြိုတင်၍အပူပေးပါ။

၆. မီးပူအားအလျားလိုက်ကိုင်၍ရေနွေးငွေ့ဖြင့်အသုံးပြုသည့်အနေအထားသို့ပြောင်းပါ။ရေနွေးငွေ့ထုတ်လွှတ်သည့်ခလုတ်သည်အောက်ပါပုံတွင်ပါရှိသည့်အနေအထားအတိုင်းဖြစ်ပါသည်။

၇. မီးပူဒေါင်လိုက်အနေအထားသို့ရောက်သောအခါရေနွေးငွေ့ထုတ်လွှတ်မှုရပ်တန့်သွားပါမည်။


**မှတ်ချက်း ရေနွေးငွေ့ထုတ်လွှတ်သည့်ခလုတ်အနေအထား**




အပေါ် : ရေနွေးငွေ့
အောက်း ရိုးရိုး(အခြောက်)

## ⚠ သတိပေးချက်




- မီးပူမှရေနွေးငွေ့ထုတ်လွှတ်နိုင်သောအပူချိန်မရရှိဘဲရေနွေးငွေ့ထုတ်လွှတ်သည့်ခလုတ်မနှိပ်ပါနှင့်။လေဝင်လေထွက်ပေါက်မှနေ၍ရေများယိုစိမ့်လာပါလိမ့်မည်။
- မီးပူရေဖြည့်ပေါက်မှရေများပြန်မထွက်စေရန်မီးပူတိုက်ခြင်း(သို့)မီးပူအားအားဖြင့်လွှဲကိုင်ခြင်းများမပြုလုပ်ပါနှင့်။

## ရိုးရိုးမီးပူကဲ့သို့အသုံးပြုပုံ

၁. ရေနွေးငွေ့ထုတ်လွှတ်သည့်ခလုတ်အားရိုးရိုးအနေအထားရရှိစေရန်အောက်သို့နှိပ်ပါ။

၂. မီးပူ၏အပူချိန်ထိန်းညှိဒိုင်ခွက်အား '၀' အနေအထားတွင်သေချာစွာထား၍မီးပူအားဒေါင်လိုက်အနေအထားပြုလုပ်ထားပါ။


၃. မီးပူအားမီးပလပ်ထိုးပါ။

၄. အပူချိန်ထိန်းညှိဒိုင်ခွက်တွင်မိမိလိုအပ်သောအပူချိန်အားချိန်ညှိပါ။

၅. အပူချိန်ထိန်းညှိမီးပိတ်သွားသည်အထိ ၁မိနစ် – ၂မိနစ်ခန့်ကြိုတင်၍အပူပေးပါ။

## မီးပူအားထိန်းသိမ်းပုံ

### မီးပူအသုံးပြုပြီးပါက




၁. အပူချိန်ထိန်းညှိဒိုင်ခွက်အား '၀' အနေအထားသို့ထားပါ။မီးပလပ်ဖြုတ်ပါ။

၂. မီးပူအသုံးပြုပြီးအထဲရှိရေများအားသွန်ပစ်ပါ။မီးပူအားရေများထည့်၍မသိမ်းပါနှင့်။

၃. ရေနွေးငွေ့ထုတ်လွှတ်သည့်ခလုတ်အားရိုးရိုးအနေအထားသို့ထားရန်အောက်သို့နှိပ်ပါ။မီးပူအသုံးပြုပြီးရေနွေးငွေ့ထုတ်လွှတ်သည့်ခလုတ်သည်အောက်ဘက်ရိုးရိုးအနေအထားသို့မရောက်ရှိပါကလက်ကျန်ရေများသည်အောက်ခံပလိပ်ပြားပေါ်သို့ရောက်ရှိသွားပြီးအောက်ခံပလိပ်ပြားပျက်စီး၍နောက်တစ်ကြိမ်စတင်အသုံးပြုပါကမီးလောင်ကျွမ်းစေနိုင်ပါသည်။

၄. မီးပူ၏အောက်ခံပလိပ်ပြားများပွန်းပဲ့ခြင်း၊သံချေးတက်ခြင်း(သို့)စွန်းထင်းခြင်းများမဖြစ်စေရန်မီးပူအားအနောက်ဖက်မှထောင်လျက်အနေအထားအတိုင်းထား၍အအေးခံပြီးမှသိမ်းဆည်းပါ။




### မီးပူ၏အပြင်မျက်နှာပြင်

မီးပူအားမီးပလပ်ဖြုတ်၍အအေးခံပြီးနောက်အောက်ခံပလိပ်ပြားအားအဝတ်ပါးဖြင့်သုတ်ပါ။လိုအပ်ပါကဆပ်ပြာမှုန့်အပျော့စားကိုအသုံးပြုပါ။

### မီးပူအောက်ခံပလိပ်အပြား

- အောက်ခံပလိပ်ပြားမှခြစ်ရာများနှင့်အခြားအကြွင်းအကျန်များအားအဝတ်ပါးပါးဖြင့်ပွတ်ခြင်းဖြင့်လွယ်ကူစွာဖယ်ရှားနိုင်ပါသည်။
- အောက်ခံပလိပ်ပြားခြစ်ရာများမဖြစ်ပေါ်စေရန်အသုံးပြုပြီးသတ္တုများဖြင့်သန့်ရှင်းခြင်းနှင့်မညီညာသောမျက်နှာပြင်ပေါ်တွင်မီးပူချထားခြင်းမပြုပါနှင့်။
- ဓာတုပစ္စည်းများပါသောအဝတ်များအားအပူချိန်ပြင်းပြင်းဖြင့်မီးပူတိုက်မိပါကအဝတ်အထည်ပျက်စီးရုံမျှမကမီးပူ၏အောက်ခံပလိပ်ပြားတွင်အဝတ်အထည်များမှဓာတုပစ္စည်းအကြွင်းအကျန်များအရည်ပျော်၍ကပ်ကျန်နေနိုင်ပါသည်။
- ၎င်းအရာများကိုဖယ်ရှားရန်အကောင်းဆုံးနည်းလမ်းမှာမီးပူအားအပူပေး၍ချည်ထည်အဝတ်ဟောင်းတစ်ထည်အားမီးပူဖြင့်တိုက်ခြင်းဖြစ်ပါသည်။

## ⚠ သတိပေးချက်

မီးပူ၏လုပ်ဆောင်ချက်များအားပျက်စီးစေနိုင်သောရေနွေးငွေ့မီးပူသန့်စင်ဆေးရည်ထည့်၍အသုံးမပြုပါနှင့်။

Panasonic Wanbao Appliances Electric Iron
(Guangzhou) Co., Ltd.

No.2 Wanbao South Street Wanbao Industry Zone Zhong Cun Town,
Panyu City, Guangdong Province, 511495 China